# အပြောင်းအလဲအကြောင်း အစီရင်ခံရန် သဘောတူညီချက်

*ဤသဘောတူညီချက်သည် အောက်ပါ အကျိုးခံစားခွင့်များနှင့် ဆက်စပ်ပါသည် - 3SquaresVT ၊ လောင်စာဆီ အထောက်အကူ (Fuel Assistance)၊ အရင်ဆုံး ဆက်သွယ်ရန် (Reach First)၊ တိုးမြှင့် ဆက်သွယ်ရန် (Reach Up)၊ ကြိုတင် ဆက်သွယ်ရန် (Reach Ahead)၊ မရှိမဖြစ် လူပုဂ္ဂိုလ် (Essential Person) နှင့် အလယ်တန်းအဆင့်အပြီး ပညာရေး (PSE)။*

**အကယ်၍ ကျွန်ုပ်သည်** 3SquaresVT **အကျိုးခံစားခွင့်များအား လက်ခံရရှိပါက (သို့မဟုတ် ၎င်းကို လျှောက်ထားပါက)** -

ကျွန်ုပ်သည် ရိုးရှင်းသည့် အစီရင်ခံမှု ရရှိရန် သတ်မှတ်ချက်ပြည့်မီပြီး အောက်ပါ အပြောင်းအလဲများမှ တစ်ခုခု ပေါ်ပေါက်ပြီးနောက် 10 ရက်အတွင်း အစီရင်ခံပါမည် -

- ကျွန်ုပ်၏ အိမ်ထောင်စုဝင်ငွေသည် ပြည်ထောင်စု ဆင်းရဲနွမ်းပါးမှုအဆင့်၏ 130% သို့ ရောက်ရှိပါက (ကျောဖက်ပါ 3SquaresVT အကြမ်းဖျဉ်းဝင်ငွေ ဇယားကို ကြည့်ရှုပါ)၊ သို့မဟုတ်
- ဖောက်သည်၏ ကန့်သတ်အချိန်ကာလအလိုက် အလုပ်ချိန်နာရီများက တစ်ပတ်လျှင် နာရီ 20/တစ်လလျှင် နာရီ 80 အောက် လျော့ကျသွားပါက။

**အကယ်၍ ကျွန်ုပ်သည်** 3SquaresVT **အကျိုးခံစားခွင့်များကိုသာ လက်ခံရရှိပါက (သို့မဟုတ် ၎င်းကို လျှောက်ထားခဲ့ပါက)** -

ကျွန်ုပ်သည် ရိုးရှင်းသော အစီရင်ခံမှု ရရှိရန် သတ်မှတ်ချက်ပြည့်မီပါသည်။ အထက်ဖော်ပြပါ အစီရင်ခံမှုဆိုင်ရာ လိုအပ်ချက်များကို ကြည့်ရှုပါ။

**အကယ်၍ ကျွန်ုပ်သည် အထက်တွင်ဖော်ပြထားသော အကျိုးခံစားခွင့်စာရင်းမှ တစ်ခုခု** (3SquaresVT **မပါဝင်) ကို လက်ခံရရှိပါက** -

ကျွန်ုပ်၏ အိမ်ထောင်စုတွင်းရှိ အောက်ပါအပြောင်းအလဲများကို 10 ရက်အတွင်း ကျွန်ုပ် အစီရင်ခံရပါမည် -

- နေထိုင်မှု အခြေအနေ - ကျွန်ုပ် နေထိုင်သည့်နေရာ၊ ကျွန်ုပ်၏ လိပ်စာ၊ ကျွန်ုပ်နှင့် အတူနေသူများ၊ ကျွန်ုပ်၏ နေအိမ်ကို အပူပေးပုံ သို့မဟုတ် ကျွန်ုပ်၏နေအိမ်အား အပူပေးသည့်လောင်စာကို ပံ့ပိုးသူ။
- ဝင်ငွေ - မည်သည့်ရင်းမြစ်မဆိုမှ ဝင်ငွေ တိုးများခြင်း သို့မဟုတ် လျော့ကျခြင်း၊ အလုပ်အကိုင်သစ်ရခြင်း သို့မဟုတ် အလုပ်ပြုတ်ခြင်း၊ ဝင်ငွေရင်းမြစ် အသစ်များ၊ ကလေးထောက်ပံ့စရိတ်၊ လူမှုဖူလုံရေး၊ ပင်စင်များ၊ အလုပ်အကိုင်မဲ့ အစားထိုးပေးငွေ၊ ထီပေါက်ခြင်း သို့မဟုတ် ဘင်ဂို အနိုင်ရမှုများ၊ အလုံးအခဲလိုက် ငွေပေးချေမှုများ၊ အမွေရခြင်းများ သို့မဟုတ် အာမခံ ပေးချေမှုများ။
- ကုန်ကျစရိတ်များ (ကြိုတင် ဆက်သွယ်ခြင်း (Reach Ahead နှင့် Fuel Assistance မပါဝင်) - မိမိအိတ်တွင်းမှ စိုက်သုံးသော ကလေး သို့မဟုတ် အရွယ်ရောက်လူကြီး မှီခိုစောင့်ရှောက်မှု အသုံးစရိတ်များ သို့မဟုတ် ပေးချေခဲ့သော ကလေးထောက်ပံ့စရိတ်များ။
- အရင်းအမြစ်များ (Reach Ahead နှင့် Fuel Assistance မပါဝင်) - စုငွေများ၊ ပိုင်ဆိုင်မှု သို့မဟုတ် ယာဉ်များ။
- အခြားသော အပြောင်းအလဲများ - ကျွန်ုပ်၏ အိမ်ထောင်စုတွင်းရှိ တစ်စုံတစ်ဦးထံတွင် ကလေးရှိလာပါက သို့မဟုတ် အိမ်ထောင်ပြုပါက။

**အကယ်၍ ကျွန်ုပ်သည်** Reach First, Reach Up, Reach Ahead **သို့မဟုတ် အထက်တန်းအဆင့်အပြီး ပညာရေး လက်ခံရရှိပါက** -

အောက်ပါအချိန်များတွင်လည်း ကျွန်ုပ် အစီရင်ခံရပါမည် -

- ကျွန်ုပ်ကလေး၏ မိဘတစ်ဦးသည် ကျွန်ုပ်၏အိမ်တွင်းသို့ ပြန်လည်ပြောင်းရွှေ့လာချိန် သို့မဟုတ် သူ သို့မဟုတ် သူမ၏ အခြေအနေအတွင်း အပြောင်းအလဲများက ကျွန်ုပ်၏ကလေးအပေါ် သက်ရောက်ချိန်။
- ကျွန်ုပ်၏ အိမ်ငှားခ သို့မဟုတ် အခြား အိမ်သုံးစရိတ်များ ပြောင်းလဲချိန် (Reach Ahead မပါဝင်)။
- ကျွန်ုပ်၏ အိမ်ထောင်စု လက်တွင်းရှိငွေသား၊ စတော့ရှယ်ယာများ၊ ဘွန်းများနှင့် ဘဏ်တွင်းရှိငွေက စုစုပေါင်း ဒေါ်လာ 9,000 သို့မဟုတ် အထက်ရှိပါက (Reach Ahead မပါဝင်)။

**ကျွန်ုပ် နားလည်သဘောပေါက်သည်မှာ** -

- ✦ လျှောက်လွှာကို လက်မှတ်ထိုးခြင်းအားဖြင့် လျှောက်လွှာတွင်း ဖော်ပြထားသော အချက်အလက်များသည် ကျွန်ုပ် အကောင်းဆုံး သိသလောက်နှင့် ယုံကြည်သလောက် မှန်ကန်ပြီးပြည့်စုံကြောင်း မုသာဝါဒအပေါ် ပြစ်ဒဏ်ပေးမှုအရ စကားခံပါသည်။ လျှောက်လွှာတွင်းပါ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို ကျွန်ုပ် ဖတ်ရှု နားလည်သဘောပေါက်ပြီး ၎င်းတို့အား သဘောတူညီပါသည်။
- ✦ ကျွန်ုပ်၏အခြေအနေရပ်များတွင်း အပြောင်းအလဲများကို အထက်တွင် ဖော်ပြထားသော အချိန်ဘောင်အတွင်း ကလေးများနှင့် မိသားစုများဆိုင်ရာ ဌာန၊ စီးပွားရေးဝန်ဆောင်မှုများ ဌာနခွဲ (ESD) သို့ ကျွန်ုပ် အသိပေးရပါမည်။
- ✦ ကျွန်ုပ်သည် အကျိုးခံစားခွင့်များဆိုင်ရာ ဝန်ဆောင်မှုစင်တာသို့ ဖုန်းနံပါတ် 1-800-479-6151 သို့ခေါ်ဆိုခြင်းဖြင့် သို့မဟုတ် အပြောင်းအလဲ အစီရင်ခံဖောင်ပုံစံ သို့မဟုတ် လျှောက်လွှာနှင့် စာရွက်စာတမ်း ပြင်ဆင်လုပ်ဆောင်ရေး စင်တာ (နောက်ကျောဖက်ပါ လိပ်စာ) သို့ စာဖြင့်အသိပေးစာတစ်စောင်ကို စာတိုက်မှပေးပို့ခြင်းဖြင့် အပြောင်းအလဲများကို ကျွန်ုပ် အစီရင်ခံနိုင်ပါသည်။
- ✦ အစီရင်ခံရန် အချက်အလက်အမျိုးအစားနှင့် ပတ်သက်၍ ကျွန်ုပ်ထံတွင် သံသယတစ်ခုခုရှိပါက ကျွန်ုပ်သည် ESD သို့ ဆက်သွယ်ရပါမည်။
- ✦ ကျွန်ုပ်ရရှိရန် သတ်မှတ်ချက်မပြည့်မီသည့် Receive Reach First, Reach Up, Reach Ahead, PSE, Fuel သို့မဟုတ် 3SquaresVT အကျိုးခံစားခွင့်များကို ကျွန်ုပ် လက်ခံရရှိပါက ၎င်းတို့ကို ကျွန်ုပ်မှ ပြန်လည်ပေးအပ်ရန် မျှော်မှန်းထားကြောင်း ကျွန်ုပ် နားလည်သဘောပေါက်ပါသည်။
- ✦ အဆိုပါ စည်းမျဉ်းများကို ကျွန်ုပ်ချိုးဖောက်ပါက၊ ကျွန်ုပ်အနေဖြင့် လိမ်လည်မှုအတွက် တရားစွဲဆိုမှု သို့မဟုတ် အခြား စီမံအုပ်ချုပ်မှုဆိုင်ရာ ပိတ်ဆို့မှုများ ခံရနိုင်ပါသည်။

**နောက်ကျောပါ 3SquaresVT အကြမ်းဖျဉ်းဝင်ငွေဇယားကို ကြည့်ရှုပါ။**

*ဤအချက်အလက်ကို သင်၏မှတ်တမ်းများအတွက် သိမ်းဆည်းထားပေးပါ။*

3SquaresVT **အကြမ်းဖျဉ်းဝင်ငွေ ဇယား**

သင့်အိမ်ထောင်စုတွင်းရှိ 3SquaresVT ပါ လူအရေအတွက်ကို အောက်ပါဇယား၏ ဘယ်ဖက်ကော်လံတွင်း ရှာကြည့်ပါ။ သင်၏ အိမ်ထောင်စုဝင်ငွေက အဆိုပါပမာဏအထက် ကျော်သွားပါက၊ ရှေ့ဖက်စာမျက်နှာပေါ်တွင် ညွှန်ကြားထားသည့်အတိုင်း ESD ကို သင်အစီရင်ခံရပါမည်။

ဝင်ငွေတွင် လုပ်ခများ၊ မိမိကိုယ်ပိုင်အလုပ်၊ လူမှုဖူလုံရေး၊ အလုပ်အကိုင်မဲ့ အစားထိုးပေးငွေ၊ ကလေး ထောက်ပံ့စရိတ်၊ ပင်စင်များ၊ ထီပေါက်ခြင်း သို့မဟုတ် ဘင်ဂို အနိုင်ရခြင်းများ၊ အလုံးအခဲလိုက် ငွေပေးချေမှုများ၊ အမွေများ သို့မဟုတ် အာမခံ ပေးချေမှုများ ပါဝင်ပါသည်။ "အကြမ်းဖျဉ်း" ဆိုသည်မှာ အခွန်ငွေ မဖြတ်တောက်မီဟု ဆိုလိုပါသည်။

အပြောင်းအလဲများကို အစီရင်ခံရန် သင့်အနေဖြင့် အကျိုးခံစားခွင့်များဆိုင်ရာ ဝင်ဆောင်မှုစင်တာသို့ 1-800-479-6151 တွင် ခေါ်ဆိုနိုင်သလို အသိပေးစာ သို့မဟုတ် အပြောင်းအလဲ အစီရင်ခံစာ ဖောင်တစ်စောင်ကို စာဖြင့်ရေးသား၍ စာတိုက်မှ ပေးပို့နိုင်ပါသည်။


DCF - **စီးပွားရေးဝန်ဆောင်မှုများ ဌာနခွဲ**

**လျှောက်လွှာနှင့် စာရွက်စာတမ်း ပြင်ဆင်လုပ်ဆောင်ရေး စင်တာ**

280 State Drive

Waterbury, VT 05671-1500


1-800-479-6151 ကို ခေါ်ဆို၍ အပြောင်းအလဲ အစီရင်ခံစာ ဖောင်တစ်စောင်ကို သင်ရရှိနိုင်ပါသည် သို့မဟုတ် ဖောင်တစ်စောင် ပရင့်ထုတ်ရန် myBenefits.vt.gov သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

| **အိမ်ထောင်စု အရွယ်အစား** | **အများဆုံး အကြမ်းဖျဉ်း လစဉ်ဝင်ငွေ**<br>**ဆင်းရဲနွမ်းပါးမှုအဆင့်၏** 130% |
|---|---|
| 1 | $1,580.00 |
| 2 | $2,137.00 |
| 3 | $2,694.00 |
| 4 | $3,250.00 |
| 5 | $3,807.00 |
| 6 | $4,364.00 |
| 7 | $4,921.00 |
| 8 | $5,478.00 |
| 9 | $6,035.00 |
| 10 | $6,592.00 |

| | |
|---|---|
| **အိမ်ထောင်စုဝင် တစ်ဦးတိုးတိုင်း** | $557.00 **ထပ်ထည့်ပါ** |